
Center for Arakan Studies

## အာရက္ခရေးရာအထူးလေ့လာချက်

# အာရက္ခတပ်တော်နှင့် စစ်တွေတိုက်ပွဲများ

### အမှတ် ၇၊ ၂၀၂၆ ခုနှစ်
### စစ်ရေးကဏ္ဍ




စစ်တွေမြို့အနီးဝန်းကျင်ရွာများနှင့် စစ်တွေမြို့အနီးရှိ စစ်တပ်အဓိကစခန်းများအား မြေပုံပေါ်တွေ့ရစဉ်။
(photo @people's spring)

ဇူလိုင် ၁၅ ၊ ၂၀၂၆ ခုနှစ်။

## ၁။ နိဒါန်း

| | |
|---|---|
| **(က) အဓိကအကြောင်းအရာ** | စစ်တွေမြို့နယ်ရှိ တိုက်ပွဲများနှင့် ပြည်သူများ တွေ့ကြုံနေရသည့် အခြေအနေ |
| **(ခ) နယ်မြေဒေသ** | စစ်တွေမြို့နယ်၊ ရခိုင်ပြည် |
| **(ဂ) အချိန်ကာလ** | ၂၀၂၄ ခုနှစ် ဇန်နဝါရီလ မှ ၂၀၂၆ ခုနှစ် ဇူလိုင်လ အထိ |

၂၀၂၃ ခုနှစ်၊ နှောင်းပိုင်းတွင် ရခိုင်ပြည်၌ တကျော့ပြန်တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ရာ ပြည်နယ်မြို့တော် စစ်တွေသည်လည်း စစ်ရေးအရ တိုက်ရိုက်ခြိမ်းခြောက်ခြင်းကို ခံလာရပြီး ဒေသခံပြည်သူများမှာ စစ်ဘေးဒဏ်ကို အလူးအလဲ ခံစားနေကြရသည်။ အာရက္ခတပ်တော် (AA) က ရခိုင်ပြည်အတွင်းရှိ မြို့နယ်များကို တစ်ခုပြီးတစ်ခု သိမ်းပိုက်လာနိုင်သည့်အလျောက် စစ်တွေမြို့အတွင်း တိုက်ရိုက်ထိတွေ့တိုက်ပွဲများ မရှိသေးသည့်တိုင် စစ်တွေမြို့နယ်သည် စစ်မြေပြင်ဖြစ်လာပြီး၊ ကျေးလက်နေပြည်သူများမှာလည်း စစ်ဒဏ်ကို ပြင်းထန်စွာ ရင်ဆိုင်နေရသည်။ ထို့ကြောင့် စစ်တွေမြို့နယ်နှင့် မြို့ပေါ်ဒေသခံအများစုသည် စစ်ပွဲဖြစ်ပွားလာမည့်အရေးကို စိုးရိမ်သဖြင့် အေးအေးထိန်းချုပ်နယ်မြေများနှင့် ရန်ကုန်အပါအဝင် အခြားသောဒေသများသို့ အလုံးအရင်းဖြင့် ရွှေ့ပြောင်းတိမ်းရှောင်ခဲ့ကြသည်။

တဖက်တွင်လည်း စစ်ကောင်စီသည် စစ်တွေမြို့သို့ အေးအေး ဝင်ရောက်မလာနိုင်စေရန် မြို့ပတ်ပတ်လည်တွင် ခြံစည်းရိုးများကာရံခြင်း၊ မိုင်းထောင်ခြင်းနှင့် စစ်အင်အားဖြည့်တင်းခြင်းများ ပြုလုပ်ကာ လမ်းကြောင်းအားလုံးကို အလုံးစုံပိတ်ဆို့ထားသည်။ စစ်တွေမြို့မှ တခြားသောနိုင်ငံတွင်းဒေသများ (ဥပမာ-ရန်ကုန်၊ မန္တလေး)သို့ သွားလာရေးအတွက် လေကြောင်းလိုင်းတစ်ခုတည်းကိုသာ အဓိကအားဖြင့် အားကိုးနေရပြီး၊ ရန်ကုန်-စစ်တွေရေကြောင်းလမ်းသည်လည်း ကုန်စည်များကို အကန့်အသတ်ဖြင့်သာ တင်ပို့၊ တင်သွင်းခွင့်ပြုထားသည်။ ဓာတ်ဆီ၊ ဒီဇယ်နှင့် ဆေးဝါးအပါအဝင် မရှိမဖြစ်လိုအပ်သည့် ကုန်ပစ္စည်းအချို့ကိုလည်း တင်းကျပ်စွာ ကန့်သတ်ထားပြီး စားသောက်ကုန်ပစ္စည်းများကို စစ်ကောင်စီ၏ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (စရဖ) နှင့် စစ်တပ်၏ တင်းကျပ်သော ထိန်းချုပ်မှုအောက်၌သာ ရန်ကုန်မှ သင်္ဘောကြီးများဖြင့် သယ်ယူခွင့်ပြုသဖြင့် ကုန်ဈေးနှုန်းများမှာ အဆမတန် မြင့်တက်လျက်ရှိသည်။ ယင်းကန့်သတ်ချက်များသည် ဒေသခံများအတွက် ဝန်ထုတ်ဝန်ပိုးဖြစ်စေသော်လည်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များအတွက်မူ အကျင့်ပျက်ခြစားကာ ဝင်ငွေရှာသည့် လမ်းကြောင်းတစ်ခု ဖြစ်လာခဲ့သည်။ တဖက်တွင် မြို့နေလူထုမှာ အေးအေးထိန်းချုပ်ရာနယ်မြေများသို့ ထွက်မသွားစေရန် တင်းကျပ်စွာ ထိန်းချုပ်ခံထားရသည်။

စစ်ရေးအရ အမြဲမပြတ် ခြိမ်းခြောက်ခံနေရသည့် စစ်တွေမြို့သည် ၂၀၂၄ ခုနှစ် အလယ်ပိုင်းမှ စ၍ မြေပြင်ထိတွေ့တိုက်ပွဲများနှင့် တဖြည်းဖြည်း ရင်ဆိုင်လာရသည်။ အဆိုပါ စစ်ရေးလှုပ်ရှားမှုများကို တုံ့ပြန်သည့်အနေဖြင့် စစ်ကောင်စီတပ်သည် မြို့တွင်းရှိ ပြည်သူများအား ဧည့်စာရင်းစစ်ဆေးခြင်းကို အကြောင်းပြကာ AA နှင့် ဆက်စပ်သည်ဟု စွပ်စွဲ၍ ဖမ်းဆီးခြင်းများကို ခပ်စိပ်စိပ်ပြုလုပ်လာခဲ့သည်။ ရလဒ်အနေဖြင့် စစ်ဘေးဒဏ်ကို ရေရှည်ဆိုးရွားစွာ ခံစားနေရသည့် ဒေသခံပြည်သူများအကြား နိုင်ငံရေးအရ ဖိနှိပ်မှု၊ လူမှု-စီးပွားအားဖြင့် ကျပ်တည်းမှုများကို ပိုမိုခက်ခဲစွာ ရင်ဆိုင်ခံစားနေကြရသည်။

ယခု လေ့လာချက်သည် ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်များ၊ လူ့အခွင့်အရေး အဖွဲ့များ၏ ဖော်ပြချက်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် မိမိတို့ အာရက္ခလေ့လာရေး စင်တာမှ ပြုလုပ်ခဲ့သော မေးမြန်းချက်များကို အဓိက အခြေခံ လေ့လာထားသည်။

## ၂။ အချက်အလက်အကျဉ်းချုပ်

ဖေဖော်ဝါရီလ ၂၀၂၄ ခုနှစ်

### (က) ဖေဖော်ဝါရီလကုန်လျှင် စစ်တွေမြို့ကို AA တိုက်မည်ဟု သတင်းများထွက်နေသောကြောင့် သိန်းနှင့်ချီသော ဒေသခံပြည်သူများ မြို့ကိုစွန့်ခွာနေကြ

ရခိုင်ပြည်နယ်၏မြို့တော်စစ်တွေကို ယခုလ ဖေဖော်ဝါရီလကုန်လျှင် ရက္ခိုင့်တပ်တော်(AA)မှ ဝင်ရောက် တိုက်ခိုက်မည်ဟု သတင်းများထွက်ပေါ်နေသောကြောင့် မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် နေထိုင်သော သိန်းနှင့်ချီသည့် ဒေသခံပြည်သူများသည် စစ်ဘေးဒဏ်လွတ်နိုင်မည့်နေရာများသို့ ထွက်ပြေးတိမ်းရှောင်နေကြသည်ဟု စစ်တွေဒေသခံများက ပြောသည်။ မြန်မာစစ်တပ်သည် ရက္ခိုင့်တပ်တော် စစ်တွေမြို့ထဲကို ဝင်မလာနိုင်ရန် တစ်ခုတည်းသော ရန်ကုန်-စစ်တွေ ကားလမ်းပေါ်ရှိ အမြင့်ကျွန်း မင်းချောင်းတံတားကို မိုင်းခွဲဖြတ်တောက်ပြီးနောက် ပြည်သူများအကြား ပို၍ စိုးရိမ်စရာဖြစ်လာခဲ့သည်ဟု စစ်ရေးအခြေအနေကို လေ့လာနေသူ တစ်ဦးက နိရဉ္စရာ သတင်းဌာနကို ပြော ဆိုခဲ့သည်။

### (ခ) စစ်တွေမှာ စစ်ကောင်စီတပ်လက်နက်ကြီးကြောင့် ၁၂ ဦး သေဆုံးပြီး ၁၈ ဦး ဒဏ်ရာရ

ရခိုင်ပြည်နယ် စစ်တွေမြို့မှာ ဖေဖော်ဝါရီလ ၂၉ ရက် မနက်ပိုင်းက လူစည်ကားရာမြို့မဈေးကြီး အနီး၌ စစ်ကောင်စီတပ် ပစ်ခတ်သော လက်နက်ကြီးကျည် ကျပေါက်ကွဲခဲ့သောကြောင့် အရပ်သား ၁၂ ဦးသေဆုံးပြီး နောက်ထပ် ၁၈ ဦး ပြင်းထန်ဒဏ်ရာတွေ ရရှိခဲ့ကြောင်း ကူညီကယ်ဆယ်ရေးလုပ်

မေလ ၂၀၂၄ ခုနှစ်

**(ဂ) စစ်တွေရှိဒုက္ခသည်စခန်းများတွင် စစ်သင်တန်းတက်ရန် လူရွေးချယ်**

မေလ ၂၅ ရက်နေ့မှ စတင်ပြီး စစ်ကောင်စီက ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ရိုဟင်ဂျာဒုက္ခသည် စခန်းများမှ စစ်သင်တန်းတက်ရမည့်လူငယ်များကို မဲနှိုက်ရွေးချယ်နေကြောင်း သိရသည်။ မြို့နှင့် ၄ မိုင်အကွာတွင် တည်ရှိသည့် ထိုစခန်းများသို့သွားရာ အဓိကလမ်းဆုံဖြစ်သည့် မှန်စီ၊ ခွဆုံအနီး စက်ရုံတွင် စခန်းအုပ်ချုပ်သူများနှင့် မေလ ၁၉ ရက်နေ့တွင် စတင်အစည်းအဝေး ပြုလုပ်ခဲ့သည်။ မေလ ၂၅ တွင် သက္ကယ်ပြင် ဒုက္ခသည် စခန်းရှိ ရိုဟင်ဂျာများကို မဲနှိုက်ခိုင်းနေသည်ဟု ထိုစခန်း တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ဩဂုတ်လ ၂၀၂၄ ခုနှစ်

**(ဃ) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်သည့် တက္ကသိုလ်များအား စစ်ကောင်စီက ကြေညာ ရာတွင် ရခိုင်ကတောင်ကုတ်တက္ကသိုလ်မပါဝင်**

စစ်ရေးပြင်းထန်နေသည့် ရခိုင်ပြည်တွင် အဆင့်မြင့်ပညာရေးဌာန တက္ကသိုလ်နှစ်ခုရှိသည့်အနက် စစ်တွေတက္ကသိုလ်တွင် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်သည်ဟု ပါရှိသော်လည်း တောင်ကုတ် တက္ကသိုလ် မပါဝင်ရခြင်းမှာ စစ်ရေးအခြေအနေကြောင့်ဖြစ်နိုင်သည်ဟု တက္ကသိုလ်ကျောင်းသူ တစ်ဦးက ဒေသတွင်းသတင်းမီဒီယာတစ်ခုတွင်ပြောကြားခဲ့သည်။

"ကျောင်းထဲမှာ သူတို့ (စစ်ကောင်စီတပ်)လည်း တပ်စွဲထားတယ်။ ဒါကို ပြည်သူတစ်ယောက်အနေ နဲ့ ကြည့်မယ်ဆိုရင် ဘာလိုမှ အဆင်မပြေဘူး။ သူတို့တပ်စွဲထားတာရယ်၊ ပြီးတော့ တိုက်ပွဲ အခြေအနေတွေကြောင့်ရယ်၊ ဒါကြောင့် တက္ကသိုလ် မဖွင့်နိုင်တာလို့ ထင်ပါတယ်"ဟု ပြောသည်။

စက်တင်ဘာလ ၂၀၂၄ ခုနှစ်

**(င) တိုက်ပွဲဖြစ်စဉ်ကြောင့် စစ်တွေတွင် စစ်ကောင်စီက လုံခြုံရေးတိုးမြှင့်ထား**

စစ်တွေမြို့နယ်အတွင်း တိုက်ပွဲဖြစ်စဉ်များကြောင့် စစ်ကောင်စီသည် လုံခြုံရေးတိုးမြှင့်ချထားပြီး စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ဒေသခံများထံမှ သိရသည်။ ဩဂုတ် ၃၀ ရက်နေ့က စစ် တွေမြို့နယ်၊ ကံ့ကော်ကျွန်းကျေးရွာအနီးချောင်းတွင် စစ်ကောင်စီ ဇက်ရေယာဉ်ကို အာရက္ခတပ် တော်က တိုက်ခိုက်ပြီးနောက် သုံးနာရီခန့်ကြာ တိုက်ပွဲပြင်းထန်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် ကံ့ကော်ကျွန်းကျေးရွာကနေ အဝေးပြေးလမ်းမကြီးအထိ လမ်းပိုင်းနှင့် စစ်တွေအခြေစိုက် ဒေသ ကွပ်ကဲမှုဌာနချုပ် (ဒကစ) အထိကို စစ်ကောင်စီက စခန်း ၅ ခု တိုးချခဲ့ကြောင်း ဒေသခံများက ပြောသည်။

အောက်တိုဘာလ ၂၀၂၄ ခုနှစ်

### (စ) စစ်တွေမြို့အဝင် ပတ်ပတ်လည်တွင် စစ်ကောင်စီက ကတုတ်ကျင်းများတူးကာ အင်အားတိုးချဲ့

ပါဒလိတ်ရွာမှ ဒကစရုံးချုပ်ထိ၊ ရေချမ်းပြင်ဆိပ်ကမ်းမှ ဗန္ဓုလလမ်းဆုံထိ၊ ရွှေမင်းဂံဆိပ်ကမ်းမှ ကျေးတောအထိ စသည့် မြို့အဝင်လမ်းများတလျှောက်တွင် ကတုတ်ကျင်းများတူးပြီး ခံတပ်အခိုင်အမာ ပြုလုပ်ထားသည်။ "ပုဏ္ဏားကျွန်းဖက်ကလာရင် ဒကစအထိ မြို့အဝင်လမ်းတလျှောက်မှာ ကတုတ်ကျင်း ဆယ်ခုလောက်ရှိမယ်။ ရေချမ်းပြင်ဆိပ်ကမ်းကနေ မြို့အဝင် ဗန္ဓုလရုပ်ရှိတဲ့အထိလည်း ကတုတ်ကျင်းတွေ တူးထားတယ်။ ပြီးတော့ ရွှေမင်းဂံဆိပ်ကမ်းကနေ မြို့အဝင်အထိလည်း လုပ်ထားတယ်။ မြို့ပတ်ပတ်လည်အကုန်လုံးမှာ ကတုတ်ကျင်းတွေ တူးနေတယ်လို့ ပြောလို့ရတယ်" ဟု သတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ဖေဖော်ဝါရီလ ၂၀၂၅ ခုနှစ်

### (ဆ) AA က စစ်တွေမှ စစ်ကောင်စီစခန်းတချို့ကို တပြိုင်တည်း ထိုးစစ်ဆင်တိုက်ခိုက်

ရခိုင်ပြည်၊ စစ်တွေမြို့နယ်မှအနည်းဆုံး စစ်ကောင်စီတပ်စခန်း ၅ ခုကို အာရက္ခတပ်တော်(AA) က တစ်ပြိုင်နက်တည်း ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ ၎င်းစခန်းများအနက် စစ်တွေမြို့နယ်၊ ဝါဘိုကျေးရွာနှင့် ၎င်းကျေးရွာ တဖက်တကမ်းရှိ ကျားမသောက်၊ အမြင့်ကျွန်း၊ ပါဒလိတ်၊ ရေချမ်းပြင်စသည့် နေရာများ ပါဝင်သည်။

ဧပြီလ ၂၀၂၅ ခုနှစ်

### (ဇ) ပုသိမ်က ပြည်သူ့စစ်သင်တန်းဆင်းများကို စစ်တွေသို့ ပို့နေ

ဧရာဝတီတိုင်း၊ ပုသိမ်မြို့မှ ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းများကို စစ်ကောင်စီက ရခိုင်မြောက်ပိုင်းတွင် တစ်ခုတည်း ကျန်ရှိတော့သည့် စစ်တွေမြို့သို့ ပို့ဆောင်နေကြောင်း စစ်ရေးသတင်းရင်းမြစ်များထံမှ သိရသည်။ ပုသိမ်မြို့၊ ရွှေမြင်တင် အမှတ် (၆) အခြေခံလေ့ကျင့်ရေးသင်တန်းကျောင်းက အပတ်စဉ် (၉) ဆင်း ပြည်သူ့စစ်တပ်ဖွဲ့ဝင် ၇၀ ခန့်ကို ဧပြီ ၉ ရက်နေ့တွင် စစ်တွေမြို့သို့ ပို့ဆောင်ခဲ့ကြောင်း စစ်ရေးသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

စက်တင်ဘာလ ၂၀၂၅

### (ဈ) ဆေးဝါးပြတ်လပ်နေ၍ စစ်တွေမြို့ခံများ ဆေးဖက်ဝင် အပင်ကို မှီဝဲနေရ

စစ်ကောင်စီ ထိန်းချုပ်ထားဆဲ ရခိုင်ပြည်၊ စစ်တွေမြို့တွင် အခြေခံဆေးဝါးပြတ်လပ်နေ၍ ဒေသခံများမှာ ဆေးဖက်ဝင် အပင်များကို ကြိုချက်ကာ မှီဝဲသောက်သုံးနေရကြောင်း သတင်းရရှိသည်။

ရန်ကုန်ကနေ စစ်တွေမြို့သို့ ပြေးဆွဲနေသည့် လေကြောင်းလိုင်းများတွင် ဆေးဝါးနှင့် အခြေခံစားသောက်ကုန်အပါဝင် အခြားကုန်ပစ္စည်းတင်ပို့မှုကို စစ်ကောင်စီသည် ဩဂုတ်လမှ စတင်ကာ ပိတ်ပင်လိုက်၍ မြို့အတွင်း ဆေးဝါးရှားပါးလာနေကြောင်း မြို့ခံများက ပြောသည်။

ဇန်နဝါရီလ ၂၀၂၆ ခုနှစ်

**(ည) ဇန်နဝါရီလ၏ ၁၅ ရက်အတွင်း စစ်တွေအခြေစိုက်တပ်စခန်းများမှ စစ်သား ၅၀ ကျော် ထွက်ပြေး**

စစ်တွေမြို့ပြင်တွင် တိုက်ပွဲများစတင်ဖြစ်ပွားလာပြီးနောက် စစ်မတိုက်လိုသည့် စစ်ကော်မရှင်တပ်သားများ အစုလိုက်အပြုံလိုက်ထွက်ပြေးနေကြရာ ဇန်နဝါရီ ၁ ရက်နေ့မှ ၁၅ ရက်နေ့ထိ ထွက်ပြေးသူ ၅၀ ကျော်ခန့်ရှိသည်ဟု သတင်းရရှိသည်။ ဇန်နဝါရီ ၁၂ ရက်နှင့် ၁၃ ရက်အတွင်း စစ်တွေမြို့နယ်၊အုန်းတောကြီးစစ်စခန်းနှင့် စစ်တွေအခြေစိုက်ခလရ (၂၇၀) တပ်ရင်းတို့မှ စစ်ကော်မရှင် တပ်ဖွဲ့ဝင်အများအပြားသည် လက်နက်ခဲယမ်းများကို လမ်းခုလတ်၌စွန့်ပစ်ကာ ရေကြောင်းမှတစ်ဆင့် အစုလိုက်အပြုံလိုက်စခန်းစွန့်ထွက်ပြေးသွားကြောင်း ဒေသတွင်း သတင်းမီဒီယာတွင် ဖော်ပြ ထားသည်။

ဇန်နဝါရီ၁၃ရက်နေ့ ညဉ့်နာရီအချိန်တွင် အုန်းတောကြီးရွာ(မူဆလင်)၌ အထိုင်ချထားသည့် စစ်စခန်းမှ စစ်သားဦးရေ ၂၀ခန့်သည် အုန်းတောကြီးရွာမှ လှေတစ်စီးအားခိုးယူကာ အုပ်စုလိုက်ထွက်ပြေးသွားခဲ့သည်ဟု ဖော်ပြထားသည်။ အလားတူဇန်နဝါရီ ၁၂ ရက်နေ့ ညဇနာရီတွင်လည်း ခလရ (၂၇၀) တပ်ရင်းမှ တပ်ဖွဲ့ဝင် ၂ ဦးသည် လက်နက်ခဲယမ်းများအား ဇော့ပူဂျာရထားလမ်းအနီး၌ စွန့်ပစ်ကာ ထွက်ပြေးသွားသည်ဟု လေ့လာသိရှိရပါသည်။



စစ်တွေ ကမ်းနားလမ်းတွင် စစ်တပ်က ဘန်ကာများ ဆောက်လုပ်ပြီး ခံစစ်ပြင်နေ (photo@dvbnews)

**(၄) စစ်တွေမြို့အနီးသို့ တိုက်ပွဲများနီးကပ်လာချိန် စစ်တပ်လက်အောက်ခံ ဝန်ထမ်းများ ခွင့်ပြုချက်မရဘဲ လေယာဉ်ပျံ လက်မှတ်ဝယ်ခြင်း၊ နေရပ်ပြန်ခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ရန် စစ်တပ်က သတိပေး**

ရခိုင်ပြည်နယ် စစ်တွေမြို့အနီးသို့ တိုက်ပွဲများ နီးကပ်လာချိန်တွင် စစ်တပ်က စစ်တွေမြို့ အခြေစိုက် Non-CDM ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ခွင့်ယူခြင်း၊ နေရပ်ပြန်ရန်အတွက် လေယာဉ်လက်မှတ်ဝယ်ယူခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဌာနနှင့် ကင်းကွာခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ရန် ညွှန်ကြားလာကြောင်း သိရှိရသည်။

ဧပြီလ ၂၀၂၆ ခုနှစ်

**(၅) စစ်တွေ မဏိရတနာကျောင်း စစ်ရှောင်စခန်းတာဝန်ခံ အမျိုးသမီးဖမ်းဆီးခံရ**

စစ်တွေ၊ ရွာကြီးတောင်ရပ်ကွက်ရှိ မဏိရတနာဘုန်းတော်ကြီးကျောင်း စစ်ဘေးရှောင်စခန်း တာဝန်ခံ အမျိုးသမီးတစ်ဦးကို စစ်တပ်၊ရဲနှင့်လဝက ပူးပေါင်းအဖွဲ့က ဧပြီလ ၂၄ ရက်တွင် ဖမ်းဆီး

သွားကြောင်း သိရသည်။ စစ်ဘေးရှောင်တစ်ဦး ပြောကြားချက်အရ "ညှော်စာရင်းစစ်ပါတယ်။ တာဝန်ခံကိုတော့ ဖုန်းပါ စစ်ပြီးတော့ ဖမ်းသွားတာပါ။ တခြားဘုန်းကြီးကျောင်းတွေကိုလည်း ညှော်စာရင်း စစ်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ကိုတော့ သတင်းအရပုံစံမျိုးနဲ့ ဖုန်းကိုအစစ်ပြပြီး ဖမ်းသွားတာပါ" ဟုပြောသည်။ နောက်ထပ် စစ်ရှောင်တစ်ဦးက " ယောက်ကျားတွေကို ပုဆိုးတွေကို ခါးတောင်းကျိုက်ခိုင်းတယ်။ တက်တူးတွေထိုးထားလား ကြည့်တယ်။ သူတို့ ဘာသတင်းထူးလို့ စစ်တာလဲတော့မသိဘူး။ ကြမ်းကြမ်းတမ်းတမ်း စစ်တာတော့ မရှိခဲ့ပါ။" ဟုပြောကြားခဲ့ပါသည်။

## မေလ ၂၀၂၆ ခုနှစ်

### (ဥ) စစ်တွေတွင် စစ်ရှောင်အမျိုးသား ၆ ဦးကို စစ်တပ်က ဖမ်းဆီးရိုက်နှက်၊ ၁ ဦးသေဆုံး

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ စိတ္တသုခကမ္မဋ္ဌာန်းဘုန်းကြီးကျောင်းတွင် စစ်ဘေးတိမ်းရှောင်နေကြသည့် အမျိုးသား ၆ ယောက်ကို စစ်တပ်က ဖမ်းဆီးရိုက်နှက်မှုကြောင့် အမျိုးသားတယောက် သေဆုံးသွားခဲ့သည်။ မေ ၉ ရက် ည ၉ နာရီခန့်တွင် စစ်တပ်နှင့် ရဲတပ်ဖွဲ့ ပူးပေါင်းပြီး စစ်တွေမြို့ရှိ စစ်ဘေးရှောင်များ နေထိုင်ကြသော စိတ္တသုခကမ္မဋ္ဌာန်းဘုန်းကြီးကျောင်း၊ တပ်ဦးကျောင်း၊ မိုးကုတ်ကျောင်းနှင့် သရက်တောကျောင်းများအား ညှော်စာရင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် စစ်ရှောင်အမျိုးသား ၆ ယောက်ကို အထောက်အထား မပြည့်စုံဟုဆိုကာ စစ်တပ်က ရိုက်နှက်ဖမ်းဆီးခဲ့ကြောင်း စစ်တွေမြို့ခံ အမျိုးသားတစ်ယောက်က ပြောကြားချက်အရ သိရသည်။

## ဇွန်လ ၂၀၂၆ ခုနှစ်

### (ပ) AA ထိုးစစ် စစ်တွေဒကစနဲ့အနီးဆုံးရွာနားအထိ ရောက်လာ

အာရက္ခတပ်တော်(AA)ရဲ့ စစ်တွေမြို့အနီးဝန်းကျင်က စစ်တပ်စခန်းများအား ထိုးစစ်ဆင်ခြင်းသည် ရွှေမင်းဂံ ရေတပ်စခန်းအနီးမှ ဒေသကွပ်ကွဲမှုစစ်ဌာနချုပ်(ဒကစစစ်တွေ)နှင့် အနီးဆုံးမှာရှိသည့် နာရီကန်ကျေးရွာနားထိ ရောက်လာခဲ့ပြီး တိုက်ပွဲပြင်းထန်သည်။ စစ်တွေမြို့နှင့် လေးမိုင်ဝန်းကျင်အကွာ စစ်တွေ-ရန်ကုန် ပြည်ထောင်စုလမ်းမပေါ်ရှိ နာရီကန်ကျေးရွာ အနီးဝန်းကျင်ရှိ အာဏာသိမ်းစစ်တပ်၏ တပ်ရင်းကာကင်းစခန်းများကို AA က အဝေးပစ်လက်နက်ကြီးများအပြင် မြေပြင်၌လည်း ထိုးစစ်ဆင် တိုက်ခိုက်နေကြောင်း သိရှိရသည်။

### (ဏ) အိန္ဒိယသံအမတ်ကြီး စစ်တွေ ကုလားတန်စီမံကိန်းဆိပ်ကမ်းသို့ သွားရောက်

အိန္ဒိယ၏ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး အာဘေးသာကူးရ်သည် ဇွန် ၁၉ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကုလားတန်စီမံကိန်းနှင့် အိန္ဒိယကောင်စစ်ဝန်ရုံးများသို့ သွားရောက်ခဲ့သကဲ့သို့ စစ်အာဏာရှင်ခန့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်လည်း တွေ့ဆုံခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးက ဇွန် ၁၉ ရက်မှာထုတ်ပြန်ထားပါသည်။ စစ်အာဏာရှင်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယကို ၅ ရက်ခရီးစဉ် သွားရောက်ပြီး ကုလားတန်စီမံကိန်း အပြီးသတ်

ဆောင်ရွက်နိုင်ရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီအား ကတိပေးပြီးနောက် ၂ ပတ်ကျော်အကြာတွင် ကုလားတန်စီမံကိန်းကို လာရောက်ကြည့်ရှုခဲ့ခြင်း ဖြစ်သည်။

## ၃။ တွေ့ရှိချက်များ

၁။ ၂၀၂၄ ခုနှစ်အစောပိုင်းတွင် တိုက်ပွဲများ ပြင်းထန်လာပြီး စစ်ရေးတင်းမာမှုမြင့်တက်လာခြင်းကြောင့် စစ်တွေမြို့မှ ဒေသခံသိန်းချီသော ပြည်သူများသည် အစုလိုက်အပြုံလိုက် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ယင်းနှင့်အပြိုင် စစ်ကောင်စီက ကုန်းလမ်းအားလုံးကို ပိတ်ဆို့ထားပြီး လေကြောင်းနှင့် ရေကြောင်းသွားလာရေးကိုလည်း တင်းကျပ်စွာ ကန့်သတ်ထားသဖြင့် ကျန်ရှိသောပြည်သူများမှာ မြို့တွင်း၌ ပိတ်မိနေကြရသည်။ ထို့ကြောင့် ဆေးဝါး၊ စားနပ်ရိက္ခာနှင့် လောင်စာဆီစသည့် အခြေခံလိုအပ်ချက်များ ပြတ်လပ်လာကာ ဈေးနှုန်းများ အဆမတန်မြင့်တက်လျက်ရှိရာ ဒေသခံများသည် အခြေခံဆေးဝါးများပင် လုံလောက်စွာမရရှိတော့ဘဲ ဆေးဖက်ဝင်အပင်များကို အားကိုးသုံးစွဲနေကြရသည်ဟု မီဒီယာများမှ ဖော်ပြထားသည်။

၂။ အေအေ၏ ထိုးစစ်ဆင်မှုကို တန်ပြန်ရန် စစ်ကောင်စီသည် စစ်တွေမြို့သို့ ဝင်ရောက်လာမည့် လမ်းကြောင်းအားလုံးတစ်လျှောက်၌ မြေမြှုပ်မိုင်းထောင်ခြင်း၊ ကတုတ်ကျင်းများတူးဖော်ခြင်း၊ စခန်းအသစ်များတိုးချဲ့ခြင်းတို့ဖြင့် မြို့တော်ကို ခံတပ်ကြီးအဖြစ် အခိုင်အမာ ပြောင်းလဲတည်ဆောက်လျက်ရှိသည်။ ထိုကဲ့သို့ ခံစစ်မဟာဗျူဟာကို ပြည်သူ့စစ်သင်တန်းဆင်းများကို အခြားဒေသများမှ စစ်တွေသို့ စေလွှတ်ခြင်းနှင့် ရိုဟင်ဂျာဒုက္ခသည်စခန်းများမှ အတင်းအကြပ်စစ်သားစုဆောင်းခြင်းတို့ဖြင့် အားဖြည့်ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ဆောင်ရွက်ချက်များသည် ပြည်နယ်မြို့တော်ကို အေအေ၏ လက်ထဲမကျရောက်စေရန် ရည်ရွယ်သည့် စစ်ရေးမဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

၃။ စစ်ကောင်စီသည် ဧည့်စာရင်းစစ်ဆေးခြင်းနှင့် လုံခြုံရေးစစ်ဆေးမှုများကို အကြောင်းပြု၍ နေရပ်စွန့်ခွာသူများနှင့် ဒေသခံပြည်သူများအား မတရားဖမ်းဆီးခြင်းနှင့် ရိုက်နှက်ခြင်းများကို ခပ်စိပ်စိပ် ပြုလုပ်လျက်ရှိသည်။ ၂၀၂၆ ခုနှစ် မေလတွင် စစ်ဘေးရှောင်အမျိုးသားခြောက်ဦးအား စစ်တပ်က ရိုက်နှက်ဖမ်းဆီးခဲ့ရာ တစ်ဦးသေဆုံးခဲ့သည့် ဖြစ်ရပ်နှင့် ဧပြီလတွင် စစ်ရှောင်စခန်းတာဝန်ခံ အမျိုးသမီးတစ်ဦး ဖမ်းဆီးခံရခြင်းတို့သည် အဆိုပါအကြမ်းဖက်မှုများ၏ သက်သေသာဓကများဖြစ်သည်။ ထိုကဲ့သို့ ခြိမ်းခြောက်မှုများသည် ဒေသခံများကြား ကြောက်ရွံ့မှုကို ဖန်တီးရန်နှင့် ဒေသခံများအား နှိမ်နင်းရန် ရည်ရွယ်ပြီး စစ်ပွဲ၏ဒဏ်ကို ခံစားနေရသည့် အရပ်သားပြည်သူများ၏ ဝေဒနာကို ပိုမိုဆိုးရွားစေသည်။

၄။ အေအေတပ်များ မြို့တွင်းသို့ နီးကပ်လာချိန်တွင် စစ်ကောင်စီသည် အင်အားကျဆင်းလာသည့် လက္ခဏာများကိုလည်း တွေ့ရှိရပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ပထမနှစ်ပတ်အတွင်း တပ်စခန်းများမှ စစ်သား ၅၀ ကျော်သည် လက်နက်ခဲယမ်းများကို စွန့်ပစ်ကာ လှေဖြင့် ထွက်ပြေးသွားခဲ့ကြသည်ဟု တွေ့ရသည်။ ထိုကဲ့သို့ စိတ်ဓာတ်ကျဆင်းမှုကို ထိန်းချုပ်ရန် စစ်ကောင်စီက ၎င်း၏

လက်အောက်ခံအရာထမ်းများအား ခွင့်ပြုချက်မရှိဘဲ လေယာဉ်လက်မှတ်များဝယ်ယူခြင်း သို့မဟုတ် နေရပ်ပြန်ခြင်းများ လုံးဝမပြုလုပ်ရန် အမိန့်ထုတ်ပြန်ခြင်းဖြင့် တင်းကျပ်သော ထိန်းချုပ်မှုများ ပြုလုပ်လျက်ရှိသည်။ ဆန့်ကျင်ဘက်သဘောတရားများအဖြစ် စစ်ကောင်စီသည် ပြင်ပမှ ခံတပ်ခိုင်မာနေသော်လည်း အတွင်းပိုင်း၌ စည်းကမ်းပျက်ပြားမှုနှင့် သစ္စာခံမှု ကျဆင်းလာမှုကို ရင်ဆိုင်နေရကြောင်း ညွှန်ပြနေသည်။

၅။ ၂၀၂၆ ခုနှစ် ဇွန်လတွင် တိုက်ပွဲများသည် မြို့နယ် အစွန်အဖျားမှ စစ်တွေဒေသကွပ်ကဲမှု ဌာနချုပ် (ဒကစ) ကို တိုက်ရိုက်ခြိမ်းခြောက်လာနိုင်သည့် အဆင့်သို့ ရောက်ရှိလာပြီဖြစ်ရာ အေအေ၏ ထိုးစစ်များသည် မြို့လယ်မှ လေးမိုင်အကွာရှိ နာရီကန်ကျေးရွာအုပ်စုအထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်ကို တွေ့ရသည်။ ဤသို့ နီးကပ်လာမှုသည် စစ်ရေးအရ သိသိသာသာ မြင့်တက်လာခြင်းဖြစ်ကာ တိုက်ပွဲသည် ခြိမ်းခြောက်မှုတစ်ခုမျှသာမဟုတ်တော့ဘဲ ရခိုင်ပြည်မြောက်ပိုင်းရှိ စစ်ကောင်စီ၏ နောက်ဆုံးကျန်ရှိသော ခံတပ်ကြီး၏ ဗျူဟာမြောက်ဗဟိုချက်တွင် ရှိနေပြီဖြစ်သည်။ ထို့အပြင် အိန္ဒိယသံအမတ်ကြီး၏ ကုလားတန်ဆိပ်ကမ်းသို့ သွားရောက်ခြင်းသည် လူသားချင်းစာနာမှုနှင့် စစ်ရေးအကျပ်အတည်းများကြားမှ ဒေသတွင်း အင်အားကြီးနိုင်ငံတစ်ခုအနေဖြင့် စစ်တွေတိုက်ပွဲအခြေအနေများကို အမြဲမပြတ် စောင့်ကြည့်နေကြောင်း ဖော်ပြနေသည်။

## ၆။ သုံးသပ်ချက်

စစ်တွေမြို့နယ်အတွင်းရှိ စစ်ရေးအားပြိုင်မှုများသည် သာမန် မြို့တစ်မြို့၊ နယ်မြေတစ်ခုကို စစ်ရေးအရ ထိန်းချုပ်ရန် အားပြိုင်နေခြင်းမျိုးထက် ပို၍ ကျယ်ပြန့်သော ဒေသတွင်း၊ နိုင်ငံတကာ အဓိပ္ပါယ်နှင့် သက်ရောက်မှု ရှိနေသည်။ စစ်တွေမြို့သည် ရခိုင်ပြည်၏ မြို့တော်ဖြစ်ပြီး၊ တဖက်တွင် ရခိုင်မြောက်ဖက် တခြမ်းလုံး၌ စစ်ကောင်စီ၏ တစ်ခုတည်းသော ထိန်းချုပ်ရာ နောက်ဆုံးလက်ကျန် နေရာလည်းဖြစ်သည်။ ထို့ကြောင့် အကယ်၍ စစ်ကောင်စီမှ စစ်တွေမြို့ကို လက်လွှတ်လိုက်ရပါက ရခိုင်မြောက်ပိုင်းတခြမ်းလုံးတွင် စစ်ကောင်စီကင်းစင်နယ်မြေဖြစ်သွားပြီး၊ ပြည်နယ်မြို့တော်ဖြစ်သောကြောင့် မြန်မာပြည် ပြည်တွင်းစစ်သမိုင်းတွင် စစ်တပ်၏ ပထမဆုံး စစ်ရေးထိန်းချုပ်မှုအောက်မှ လွတ်မြောက်သွားသည့် မြို့တော်အဖြစ် သမိုင်းဝင်သွားမည် ဖြစ်သည်။

ထို့အပြင် စစ်တွေတိုက်ပွဲများသည် ဒေသတွင်းပထဝီနိုင်ငံရေးအခြေအနေများကိုလည်း သက်ရောက်မှု ရှိလာနိုင်သည်။ အကယ်၍ စစ်တွေမြို့ကိုသာ အေအေမှ သိမ်းပိုက်နိုင်ခဲ့ပါက အိန္ဒိယအစိုးရအမြင်တွင် စစ်ကောင်စီသည် ကုလားတန်စီမံကိန်းအတွက် လုံခြုံရေးအာမခံချက်ပေးနိုင်သော အစိုးရအဖြစ်ရှုမြင်မှုမှ လျှော့ကျသွားနိုင်ပြီး၊ တခြားသော တော်လှန်ရေးအင်အားစုများအတွက်လည်း အပြုသဘောဆောင်သော သက်ရောက်မှုကို ဖြစ်စေနိုင်သည်။

စစ်တွေမြို့နယ်ရှိ တိုက်ပွဲများသည် စစ်ရေးနှင့် လူမှုစီးပွား၊ လူသားချင်းစာနာမှုကိစ္စရပ်များကြားတွင် ရောထွေးယှက်တင်ဖြစ်နေမှုကိုလည်း ဖော်ပြနေသည်။ ရခိုင်ပြည်၏ လူဦးရေအများဆုံးမြို့ဖြစ်ခြင်းနှင့် မြို့ပေါ်နှင့် မြို့စွန်နေရာတချို့တွင် ထူထပ်သော ရိုဟင်ဂျာ မူဆလင်လူဦးရေ ကျန်ရှိနေ

ခြင်းများကြောင့် နိုင်ငံတကာအဖွဲ့အစည်းများသည် ပြင်းထန်လာသော စစ်ရေးအခြေအနေများ အောက်တွင် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းကြီး ဖြစ်ပေါ်လာလုနီး အခြေအနေတစ်ခု ကို စောင့်ကြည့်နေကြသည်။ ယခုအခြေအနေများတွင်ပင် ကုန်သွယ်ရေးနှင့် သွားလာရေးပိတ်ဆို့မှု၊ စစ်ကောင်စီ ဝန်ထမ်းများ၏ ဖိနှိပ်လာဘ်စားမှုများအပြင် အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးမှုများ ကိုလည်း ဒေသခံများမှ ခါးစည်းခံနေကြရသည်။

စစ်တွေမြို့နယ်၏ စစ်ရေးအခြေအနေများသည် စစ်ကောင်စီတပ်၏ ရက်စက်ပြီး လူမဆန်သော စစ်ရေးနည်းနာများကိုလည်း ဖော်ပြနေသည်။ စစ်ကောင်စီသည် မြို့နယ်အတွင်းရှိ ရွာပေါင်းများစွာ ကို အတင်းဖျက်ဆီးပြီ စစ်ရေးခံတပ်များအဖြစ် တည်ဆောက်ခြင်း၊ ရွာနေလူထုကို လူမှုစီးပွား ဆိုင်ရာ အာမခံချက်မရှိဘဲ မြို့ထဲသို့ အတင်းမောင်းသွင်းခြင်း၊ မြို့နေလူထုကို အတင်းအဓမ္မ တပ်သားစုဆောင်းခြင်း၊ ဗျိုင်းဖြူရွာဖြစ်စဉ်ကဲ့သို့ လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများစသည့် လူ့အခွင့်အရေးချိုးဖောက်မှု လုပ်ရပ်များကို ကျူးလွန်ခဲ့သည်။ ထို့ကြောင့် ယခုအချိန်ထိ သိန်းချီ သော ပြည်သူများကို စစ်ရေးအတွက် လူသားဒိုင်းကာအဖြစ် ထိန်းချုပ်ထားခြင်းမှာ အကယ်၍ စစ် ရေးအခြေအနေများ ပိုမိုတင်းမာလာပါက လွန်စွာ ဆိုးရွားပြီး မမျှော်မှန်းနိုင်လောက်သည့် ဘေး ထွက်ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်လာနိုင်ပေသည်။

**အာရက္ခလေ့လာရေးစင်တာအကြောင်း**

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာ သုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ် သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အ ရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာ သည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒ အကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေ ပါသည်။

©၂၀၂၆ အာရက္ခပြည်။

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org